# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

**အတွဲ(၂) အမှတ် (၄၀)** **၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၅ ရက်**


## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ။ | ၂-၃ |
| ၂။ | HCFC-22/R-22အပါအဝင် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန်(HCFCs) အသုံးပြုသည့် မြင်းကောင်ရေ ၂.၅ (21000 BTU/hr)နှင့် အထက်စွမ်းအား (Capacity) ရှိသည့် လေအေးပေးစက်နှင့် အကြီးစားစက်ပစ္စည်းများဖြစ်သည့် လုပ်ငန်းသုံးရေခဲသေတ္တာများ (Commercial Refrigerator)၊ အေးခဲသိုလှောင်ခန်းများ (Cold Storage)၊ အေးခဲစက်များ (Chiller) ပြည်တွင်းသို့တင်သွင်းမှုကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှစ၍ တားမြစ်သည့်အမိန့်နှင့်စပ်လျဉ်းသည့်သတင်းစဉ်။ | ၄-၅ |
| ၃။ | ထိုင်းနိုင်ငံတွင် နိုင်ငံခြားသားများအား မြေငှားရမ်းခြင်းဆိုင်ရာကိစ္စရပ်များအတွက် မြေယာဥပဒေများပြင်ဆင်ရန် အဆိုပြုတင်ပြမှုများအပေါ် လေ့လာတင်ပြခြင်း။ | ၆-၈ |
| ၄။ | ကနေဒါနိုင်ငံတရားရုံးချုပ်သည် နိုင်ငံတကာလေကြောင်းဆိုင်ရာ အနှောင့်အယှက်များအတွက် လေကြောင်းအသုံးပြုသည့်ခရီးသည်များကို လျော်ကြေးငွေပေးဆောင်ရန်ချမှတ်သည့်စည်းမျဉ်းများနှင့်စပ်လျဉ်း၍ လေ့လာတင်ပြခြင်း။ | ၉-၁၁ |
| ၅။ | ၁၈ နှစ်ကြာ ထိန်းသိမ်းခံထားရသည့် အော်တစ်ဇင်အမျိုးသား၏ မိခင်က နယ်သာလန်နိုင်ငံတရားလွှတ်တော်ချုပ်သို့ အယူခံတင်သွင်းသည့်အမှုဖြစ်စဉ်။ | ၁၂-၁၄ |
| ၆။ | အရှေ့တောင်အာရှကုန်သွယ်ရေး တိုးတက်လာမှုအပေါ် စီးပွားရေးလုပ်ငန်းရှင်များ၏မျှော်မှန်းချက်များ။ | ၁၅-၁၆ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်သည့် မြန်မာနိုင်ငံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်အရွေးခံမှုအတွက် ကော်မရှင်အဖွဲ့ဝင်များဖြည့်စွက်ခန့်ထားခြင်းအမိန့်၊ ပြည်ပရောက်မြန်မာနိုင်ငံသားများ၏လုပ်ခ၊ လစာများ ပိုမိုဝင်ရောက်စေရေးကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ပရောက်မြန်မာနိုင်ငံသားများ၏လုပ်ခ၊ လစာများပိုမိုဝင်ရောက်စေရေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းတည်ငြိမ်စေရေးတို့အား ကြပ်မတ်ဆောင်ရွက်ရန် ပြည်ပရောက်မြန်မာနိုင်ငံသားများ၏လုပ်ခ၊လစာများပိုမိုဝင်ရောက်စေရေးကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာကို ၃၀-၈-၂၀၂၄ရက်နေ့က အမိန့်ကြော်ငြာစာအမှတ် (၁၅၇/၂၀၂၄)ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ထိုကြီးကြပ်မှုကော်မတီအဖွဲ့တွင် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ဦးရေ(၁၃)ဦးဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။

ကြီးကြပ်မှုကော်မတီ၏လုပ်ငန်းတာဝန်များမှာ ပြည်ပသို့အလုပ်လုပ်ကိုင်ရန်သွားရောက်သည့် အလုပ်သမားများမှလစာ၏အနည်းဆုံး ၂၅ရာခိုင်နှုန်းအား ၎င်းတို့၏မိသားစုများထံ ပြန်လည်လွှဲပို့ရေး အလုပ်သမားအေဂျင်စီများမှတာဝန်ခံဆောင်ရွက်ခြင်းအပေါ် ကြီးကြပ်ခြင်း၊ Worker Remittance ရငွေအား တရားဝင်လမ်းကြောင်းများ(ဘဏ်များ၊ Remittance Business Company များ) မှတစ်ဆင့် လွှဲပြောင်းပမာဏအတွက် သွင်းကုန်လိုင်စင်ခွင့်ပြုနိုင်ရေး Worker Remittance ဝင်ရောက်မှု ရှိ မရှိ စိစစ်ခြင်း၊ Worker Remittance ပိုမိုရရှိရေးအတွက် မည်သည့်ငွေလဲလှယ်နှုန်းဖြင့် ဆောင်ရွက်သင့်သည်ကို လေ့လာသုံးသပ်တင်ပြခြင်း၊ ပြည်ပတွင်အလုပ်လုပ်ကိုင်နေသော အကျိုးဆောင်အေဂျင်စီများ၊

အလုပ်သမားထံမှသတင်းအချက်အလက်များရယူ၍ လုပ်ခ၊လစာများမိသားစုများထံသို့ လွှဲပြောင်းပေးနိုင်ရေးကူညီဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှခွင့်ပြုထုတ်ပေးထားသည့် Remittance Business License ရကုမ္ပဏီများနှင့် ဘဏ်စနစ်ဖြင့်ချိတ်ဆက်ထားသော နိုင်ငံတကာငွေလွှဲလုပ်ငန်းများမှတစ်ဆင့် လုပ်ခလစာများအားလွှဲပြောင်းနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးခြင်း၊ ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများ၏လုပ်ခ၊ လစာငွေများအား မိသားစုထံသို့ တရားမဝင်လမ်းကြောင်းမှ လွှဲပြောင်းနေသည့်အလုပ်သမားများနှင့် အကျိုးဆောင်အေဂျင်စီများအား အရေးယူခြင်းစသည့်အချက်များပါဝင်ကြောင်း သိရှိရပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

**HCFC-22/R-22 အပါအဝင် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs) အသုံးပြုသည့် မြင်းကောင်ရေ ၂.၅ (21000 BTU/hr) နှင့်အထက် စွမ်းအား (Capacity) ရှိသည့် လေအေးပေးစက်နှင့် အကြီးစား စက်ပစ္စည်းများဖြစ်သည့်လုပ်ငန်းသုံးရေခဲသေတ္တာများ (Commercial Refrigerator)၊ အေးခဲသိုလှောင်ခန်းများ (Cold Storage)၊ အေးခဲစက်များ (Chiller) ပြည်တွင်းသို့ တင်သွင်းမှုကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှစ၍ တားမြစ်သည့် အမိန့်နှင့် စပ်လျဉ်းသည့် သတင်းစဉ်**

မြန်မာနိုင်ငံသည် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာဗီယင်နာကွန်ဗင်းရှင်း (၁၉၈၅)၊ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ် (၁၉၈၇) နှင့် လန်ဒန်ပြင်ဆင်ချက် (၁၉၉၀)၊ ကိုပင်ဟေဂင်ပြင်ဆင်ချက် (၁၉၉၂)၊ မွန်ထရီရယ်ပြင်ဆင်ချက် (၁၉၉၇) နှင့် ပေကျင်းပြင်ဆင်ချက်(၁၉၉၉)တို့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်သည့်နိုင်ငံဖြစ်သည့်အလျောက် အိုဇုန်းလွှာပျက်စီးစေသောအဓိကဒြပ်ပစ္စည်းဖြစ်သည့် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFC-22/R-22) သုံးစွဲမှုလျှော့ချရပ်ဆိုင်းရေးစီမံခန့်ခွဲမှုလုပ်ငန်းစီမံကိန်း (Hydrochlorofluorocarbons (HCFCs) Phase-out Management Plan-HPMP)ကို ၂၀၁၃ ခုနှစ်၊မတ်လ ၁၂ ရက်နေ့တွင်ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၉/၂၀၁၃)၏သဘောတူဆုံးဖြတ်ချက်အရ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၏နည်းပညာအကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

အိုဇုန်းလွှာထိခိုက်ပျက်စီးမှုကိုထိန်းချုပ်ကာကွယ်နိုင်ရန် အိုဇုန်းလွှာပျက်စီးစေသော အဓိကဒြပ်ပစ္စည်းဖြစ်သည့် HCFC-22/R-22 အပါအဝင်ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန်(HCFCs)အသုံးပြုသည့် မြင်းကောင်ရေ ၂.၅ (21000 BTU/hr) နှင့် အထက်စွမ်းအား (Capacity) ရှိသည့်လေအေးပေးစက်နှင့် အကြီးစားစက်ပစ္စည်းများဖြစ်သည့်လုပ်ငန်းသုံးရေခဲသေတ္တာများ (Commercial Refrigerator)၊ အေးခဲသိုလှောင်ခန်းများ(Cold Storage)၊ အေးခဲစက်များ(Chiller) ပြည်တွင်းသို့တင်သွင်းမှုကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှစ၍ တားမြစ်ခြင်းအမိန့်ကို အမိန့်ကြော်ငြာစာအမှတ် ၇၁/၂၀၂၄ ဖြင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပြီး ကမ္ဘာ့နိုင်ငံများ

အားလုံးက ကန့်သတ်ထိန်းချုပ်လျက်ရှိသည့် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFC-22/ R-22) အသုံးပြုသောလေအေးပေးစက်များ နိုင်ငံအတွင်း စုပုံရောက်ရှိခြင်း၊ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs) ဒြပ်ပစ္စည်းလိုအပ်ချက်များမြင့်တက်ခြင်း၊ တရားမဝင်တင်သွင်းမှုနှင့် တရားမဝင်ဈေးကွက်များဖြစ်ပေါ်ခြင်းတို့မရှိစေရေးအတွက် ယင်းတားမြစ်မိန့်ကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြပါရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက အသိပေးနှိုးဆော်ထားပြီး တားမြစ်မိန့်ကိုဖောက်ဖျက်ကျူးလွန်ပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၂၊ ၃၃၊ ၃၄ အရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ယင်းအမိန့်ကြော်ငြာစာအရ (HCFC-22/R-22) အပါအဝင် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs) အသုံးပြုသည့်မြင်းကောင်ရေ ၂.၅ (21000 BTU/hr) နှင့်အထက်စွမ်းအား (Capacity) ရှိ အကြီးစားစက်ပစ္စည်းများ ပြည်တွင်းသို့တင်သွင်းမှုကန့်သတ်ရာတွင် စတင်တားမြစ်သည့်နေ့မှစ၍ စက်ပစ္စည်းအသစ်များ ပြည်တွင်းသို့တင်သွင်းမှုကိုသာ ကန့်သတ်တားမြစ်ခြင်းဖြစ်ပြီး ယင်းနေ့မတိုင်မီတင်သွင်းထားပြီးဖြစ်သည့် HCFCs သုံးစက်ပစ္စည်းများကို ဆက်လက်သုံးစွဲနိုင်မည်ဖြစ်ရာ လုပ်ငန်းရှင်များအတွက် စက်ပစ္စည်း၏သက်တမ်းကာလအတွင်း ဖော်ပြပါအမျိုးအစားလေအေးပေးစက်များရောင်းဝယ်ခြင်း၊ တပ်ဆင်အသုံးပြုခြင်းတို့ကိုကန့်သတ်ခြင်း မဟုတ်ကြောင်း၊ အလားတူ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFC)မဟုတ်သည့် အခြားဒြပ်ပစ္စည်းများအသုံးပြုသော မြင်းကောင်ရေ ၂.၅ (21000 BTU/hr)နှင့်အထက်စွမ်းအား(Capacity)ရှိ အကြီးစားစက်ပစ္စည်းများ ပြည်တွင်းသို့တင်သွင်းအသုံးပြုခြင်းတို့နှင့်လည်း လုံးဝသက်ဆိုင်မည်မဟုတ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် : ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## ထိုင်းနိုင်ငံတွင် နိုင်ငံခြားသားများအား မြေငှားရမ်းခြင်းဆိုင်ရာကိစ္စရပ်များအတွက် မြေယာဥပဒေများ ပြင်ဆင်ရန် အဆိုပြုတင်ပြမှုများအပေါ် လေ့လာတင်ပြခြင်း

ထိုင်းနိုင်ငံတွင် မြေယာဥပဒေပုဒ်မ ၈၆ အရ နိုင်ငံခြားသားများသည် အလွန်ရှားပါးသောအခြေအနေဖြစ်သည့်အမွေဆက်ခံခွင့်ကဲ့သို့သော အခြေအနေများမှလွဲ၍ မြေယာတိုက်ရိုက်ပိုင်ဆိုင်ခွင့်ကို တားမြစ်ထားပါသည်။နိုင်ငံခြားသားများကို ပိုင်ဆိုင်ခွင့်ပြုထားသည့် တစ်ခုတည်းသောမရွှေ့မပြောင်းနိုင်သောပစ္စည်းမှာ ကွန်ဒိုမီဒီယံ သို့မဟုတ် တိုက်ခန်းများဖြစ်ကြောင်း တွေ့ရှိရပါသည်။ Thailand Condimidium Act အရ အဆိုပါကွန်ဒိုမီဒီယံ သို့မဟုတ် တိုက်ခန်း၏ ၄၉ ရာခိုင်နှုန်းအထိ ပိုင်ဆိုင်ခွင့်ပြုထားကြောင်းတွေ့ရှိရပြီး Treasury Department Regulations အရ နိုင်ငံခြားသားများကို မရွှေ့မပြောင်းနိုင်သောပစ္စည်းများငှားရမ်းခြင်းကို နှစ် ၃၀ ထိ ငှားရမ်းခွင့်ပြုထားကြောင်း တွေ့ရှိရပါသည်။ ထိုင်းနိုင်ငံတွင် နိုင်ငံခြားသားများကို မြေပိုင်ဆိုင်ခွင့်မပြုရန် တားမြစ်ထားသော်လည်း မရွှေ့မပြောင်းနိုင်သောပစ္စည်းများ(မြေ၊အိမ်၊ကွန်ဒို)ငှားရမ်းခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံခြားသားများသည် ထိုင်းနိုင်ငံသားများနည်းတူ တူညီသောအခွင့်အရေးများရရှိကြောင်း တွေ့ရှိရပါသည်။

ယခုအခါ ထိုင်းနိုင်ငံအစိုးရသည် နိုင်ငံခြားသားများကို မြေငှားရမ်းမှုသက်တမ်း နှစ် ၃၀ မှ ၉၉ နှစ်အထိတိုးမြှင့်၍ခွင့်ပြုရန်၊ ကွန်ဒိုတိုက်ခန်းများတွင် နိုင်ငံခြားသားပိုင်ဆိုင်မှုခွဲတမ်း ၄၉ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းထိ တိုးမြှင့်ခွင့်ပြုရန်စသည့်အချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်ခဲ့ကြပြီး အဆိုပါဆုံးဖြတ်ချက်များကိုအကောင်အထည်ဖော်ရန်အလို့ငှာ အောက်ပါအခြေအနေများကိုလည်း ပြန်လည်သုံးသပ်ခြင်း၊လေ့လာခြင်းတို့ဆောင်ရွက်ရမည်ဖြစ်ကြောင်း အဆိုပြုဆွေးနွေးလျက်ရှိသည်ကိုတွေ့ရှိရပါသည်-

(၁) နိုင်ငံခြားသားများကို မြေငှားရမ်းနိုင်သည့်ကာလအား ၉၉ နှစ်အထိ သတ်မှတ်မည်ဆိုပါက ငှားရမ်းကာလကို အများဆုံး နှစ် ၃၀ ငှားရမ်းရန်သတ်မှတ်ထားသည့် Treasury Department Regulations အပါအဝင်သက်ဆိုင်ရာဥပဒေများဖြစ်သော State Property Law၊ Civil and Commercial Code စသည်တို့ကိုပြင်ဆင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊

(၂) ထိုင်းနိုင်ငံရှိမြေပိုင်ရှင်များသည် နိုင်ငံခြားသားကိုမြေငှားရမ်းလိုပါက မြေပိုင်ဆိုင်မှု စာချုပ်ကို Treasury Department သို့ ကနဦး လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း၊ ငှားရမ်းကာလကုန်ဆုံးသည့်အခါ အဆိုပါမြေသည် နိုင်ငံပိုင်မြေအဖြစ်ပြောင်းလဲသွားပြီး မြေပိုင်ရှင်သည် မြေပိုင်ဆိုင်ခွင့်မရှိတော့သော်လည်း မြေငှားရမ်းသူ နိုင်ငံခြားသားထံမှ ပေးချေမှုများကို အပြည့်အဝရရှိမည်ဖြစ်ကြောင်း၊ သို့ရာတွင် ထိုင်းလူမျိုးများနှင့်အပြိုင် စိုက်ပျိုးရေးလုပ်ငန်းအတွက် မြေဝယ်ယူခြင်း သို့မဟုတ် အရစ်ကျပေးချေခြင်းမပြုဘဲ ဝင်ငွေနည်းသူများအတွက် ဈေးနှုန်းသက်သာသောအိမ်ရာစီမံကိန်းများ အကောင် အထည်ဖော်ခြင်းတို့ကိုတားမြစ်ရန် စည်းကမ်းချက်များထားရှိသင့်ကြောင်း၊

(၃) နိုင်ငံပိုင်ပစ္စည်းလွှဲပြောင်းခြင်းနှင့်စပ်လျဉ်းသည့်ဥပဒေများပြဋ္ဌာန်းထားရာ နိုင်ငံခြားသား များကို သီးခြားစည်းကမ်းချက်များသတ်မှတ်ပြီး ငှားရမ်းရန်အတွက် ပုဂ္ဂလိက ပိုင်ဆိုင်မှုမှ လွှဲပြောင်းနိုင်ခြင်း ရှိ မရှိ ဆုံးဖြတ်ရန် ပြန်လည်သုံးသပ်ရမည်ဖြစ်ကြောင်း။

ထိုင်းနိုင်ငံအစိုးရအဖွဲ့သည် နိုင်ငံခြားသားများကို မြေငှားရမ်းမှုသက်တမ်းတိုးမြှင့်၍ ခွင့်ပြုရန်၊ ကွန်ဒိုတိုက်ခန်းများတွင် နိုင်ငံခြားသားပိုင်ဆိုင်မှုခွဲတမ်းတိုးမြှင့်ခွင့်ပြုရန် အဆိုပြုချက်များကို အတည်ပြု ခဲ့ပြီးဖြစ်ရာ အဆိုပါဆုံးဖြတ်ချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ထဲရေးဝန်ကြီးဌာန(Ministry of Interior) သို့တာဝန်ပေးအပ်ထားကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ အဆိုပါဆုံးဖြတ်ချက်များနှင့်စပ်လျဉ်းပြီး လတ်တလောတွင် ဥပဒေများပြင်ဆင်ပြဋ္ဌာန်းခြင်း မရှိသေးသော်လည်း ထိုင်းနိုင်ငံ၏မြေယာဥပဒေဆိုင်ရာ လက်ရှိအခြေအနေများနှင့်စပ်လျဉ်း၍ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအနေဖြင့် သိရှိထားသင့်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

1. https://silklegal.com/the-law-of-the-land-in-thailand-a-comprehensive-guide-for-foreign-investors/
2. https://www.bangkokpost.com/property/2874558/legal-rejig-needed-for-foreign-land-leases

## ကနေဒါနိုင်ငံတရားရုံးချုပ်သည် နိုင်ငံတကာလေကြောင်းဆိုင်ရာအနှောင့်အယှက်များအတွက် လေကြောင်းအသုံးပြုသည့်ခရီးသည်များကို လျော်ကြေးငွေပေးဆောင်ရန်ချမှတ်သည့် စည်းမျဉ်းများနှင့်စပ်လျဉ်း၍ လေ့လာတင်ပြခြင်း

ကနေဒါနိုင်ငံတရားရုံးချုပ်သည် နိုင်ငံအတွင်း လေကြောင်းအသုံးပြုသည့်ခရီးသည်များ၏ အခွင့်အရေးကိုတိုးတက်စေရန် အပြည်ပြည်ဆိုင်ရာလေကြောင်းအနှောင့်အယှက်များအတွက် ခရီးသည်များကို လျော်ကြေးပေးဆောင်ရန် ဆုံးဖြတ်ခဲ့သည်။

ခရီးသည်များကြုံတွေ့ရသည့်ခရီးစဉ်နှောင့်နှေးစေခြင်း၊ ဖျက်သိမ်းခြင်း သို့မဟုတ် လေယာဉ်ပေါ် တက်ရောက်ရန်ငြင်းဆိုခြင်းအတွက် လျော်ကြေးနှင့်စပ်လျဉ်းသည့်နည်းဥပဒေထုတ်ပြန်နိုင်ရန် ကနေဒါ သယ်ယူပို့ဆောင်ရေးအေဂျင်စီက တရားရုံးချုပ်သို့အယူခံမှုလျှောက်ထားလာခြင်းမှ ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်တွင် ပါလီမန်က ကနေဒါသယ်ယူပို့ဆောင်ရေးအက်ဥပဒေအားပြင်ဆင်၍ ကနေဒါသယ်ယူပို့ဆောင်ရေးအေဂျင်စီသို့ အခွင့်အာဏာအပ်နှင်းခဲ့ပြီး လေကြောင်းအသုံးပြုသည့် ခရီးသည်များအတွက်အခွင့်အရေးများကို ဖန်တီးနိုင်ရန် Air Passenger Protection Regulations များကို ကနဦးနိဒါန်းပျိုးခဲ့ပါသည်။ စည်းမျဉ်းများအရ လေကြောင်းလိုင်းများ၏တာဝန်ဝတ္တရားများ သည် ခရီးသည်များနှင့်စပ်လျဉ်း၍ အနှောင့်အယှက်ပေးခြင်းအတွက် လျော်ကြေးပေးဆောင်ခြင်းနှင့် ခရီးဆောင်အိတ်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် တန်ဖိုးကို ပြန်လည်ပေးလျော်ခြင်းတို့ ဖြစ်ပါသည်။

လေကြောင်းအသုံးပြုသည့်ခရီးသည်များအတွက် ပိုမိုကောင်းမွန်သောအခွင့်အရေးနှင့် အကာ အကွယ်များကျယ်ပြန့်စွာရရှိနိုင်ရန် အစပျိုးဆောင်ရွက်ခဲ့ပါသည်။ ခရီးသည်များသည် မျှတမှုမရှိသော လေကြောင်းလိုင်းဆိုင်ရာမူဝါဒများနှင့် အနှောင့်အယှက်များကြောင့် လုံလောက်သောလျော်ကြေးမရရှိမှု များကြုံတွေ့ခဲ့ရသည့်အတွက် စံချိန်စံညွှန်းပြည့်မီသောမူဝါဒတစ်ခုချမှတ်ပေးပါရန် တောင်းဆိုမှုများ ရှိလာခဲ့ပါသည်။ Air Passenger Protection Regulations သည် ခရီးသည်များအတွက် ပိုမိုရှင်းလင်းသော

လမ်းညွှန်ချက်များဖြစ်ပြီး လေကြောင်းလိုင်းများ၏ဝန်ဆောင်မှုလုပ်ငန်းများတွင် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရန် ဖော်ပြထားခြင်းဖြစ်ပါသည်။

သို့သော် နိုင်ငံတကာလေကြောင်းပို့ဆောင်ရေးအသင်းအပါအဝင် လေကြောင်းလိုင်းများနှင့် စက်မှုလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များသည် Montreal Convention နှင့်စည်းမျဉ်းတို့ ဆန့်ကျင် ကွဲလွဲသဖြင့် စိန်ခေါ်မှုများရှိခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် Montreal Convention အား ကနေဒါနိုင်ငံမှ ပါဝင်ခဲ့ပြီး လေကြောင်းဆိုင်ရာအနှောင့်အယှက်များအတွက် လျော်ကြေးပေးရန်နှင့် လေကြောင်း လိုင်းများအနေဖြင့် လေကြောင်းခရီးသည်များကိုပေးဆောင်ရန် သတ်မှတ်ချက်များ ချမှတ်ခဲ့ပါသည်။ လေကြောင်းလိုင်းများက ပျက်စီးဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ လေကြောင်းလိုင်းများအပေါ် ဥပဒေ ကြောင်းအရ တောင်းဆိုမှုများအတွက် သတ်မှတ်ချက်များမှာ စည်းမျဉ်းပါလျော်ကြေးပေးဆောင်ရ မည့်အခြေခံအချက်များသည် Montreal Convention ပါ သီးသန့်သတ်မှတ်ထားသည့်မူအတွင်း ရောက်ရှိ သွားသည်ဟု ငြင်းဆိုခဲ့ကြပါသည်။

ပြည်နယ်အယူခံတရားရုံးသည် ခရီးဆောင်အိတ်ယာယီပျောက်ဆုံးခြင်းကိစ္စများမှလွဲ၍ စည်းမျဉ်း ပါကျန်အချက်များကို အတည်ပြုဆုံးဖြတ်ပေးပါသည်။ လေကြောင်းလိုင်းများသည် ၎င်းတို့၏ တောင်းဆိုချက်များကို တညီတညွတ်တည်းပယ်ချခဲ့သည့်အပေါ် တရားရုံးချုပ်သို့အယူခံဝင်ရောက်ခဲ့ ပါသည်။ တရားသူကြီး Malcolm Rowe မှ Montreal Convention အရ ပျက်စီးဆုံးရှုံးမှုများအတွက် အရေးယူခြင်းသည် စည်းမျဉ်းများအရ လျော်ကြေးပေးရန်လိုအပ်ခြင်းနှင့်သက်ဆိုင်မှုမရှိကြောင်း ရှင်းလင်း ပြောကြားခဲ့ပါသည်။

Montreal Convention သည် စံချိန်စံညွှန်းပြည့်စုံစွာချမှတ်ထားသော်လည်း အပြည်ပြည် ဆိုင်ရာလေကြောင်းခရီးသွားလာမှု၏ကဏ္ဍအားလုံးအတွက် အကျုံးဝင်မှုမရှိပါ။ The Air Passenger Protection Regulations သည် Montreal Convention ပါပြဋ္ဌာန်းချက်များကို ချိုးဖောက်ခြင်း မပြုဘဲ အတူယှဉ်တွဲဆောင်ရွက်သည့်သဘောဖြစ်ပါသည်။ လေကြောင်းအသုံးပြုသည့်ခရီးသည်များ သည် ဤစည်းမျဉ်းအရလျော်ကြေးတောင်းဆိုရာတွင် တစ်ဦးချင်းထိခိုက်မှုကိုသက်သေပြရန် မလိုအပ်ဘဲ

လေကြောင်းခရီးစဉ်တစ်လျှောက် ကြန့်ကြာမှုဖြစ်ခြင်း သို့မဟုတ် လေကြောင်းခရီးစဉ် cancel ဖြစ်ခြင်းစသည့်အချက်များအပေါ်အခြေခံ၍ တောင်းဆိုရမည်ဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.jurist.org/news/2024/10/supreme-court-of-canada-rules-airlines-owe-compensation-to-passengers-for-international-flight-disruptions/

## ၁၈ နှစ်ကြာ ထိန်းသိမ်းခံထားရသည့်အော်တစ်ဇင်အမျိုးသား၏မိခင်က နယ်သာလန်နိုင်ငံ တရားလွှတ်တော်ချုပ်သို့ အယူခံတင်သွင်းသည့်အမှုဖြစ်စဉ်

လူ့အခွင့်အရေးချိုးဖောက်ခံရသည်ဟုစွပ်စွဲကာ ၁၈ နှစ်ကြာ ထိန်းသိမ်းခံထားရသည့်အော်တစ်ဇင် အမျိုးသား၏မိခင်က နယ်သာလန်နိုင်ငံတရားလွှတ်တော်ချုပ်သို့ အယူခံတင်သွင်းသည့်အမှု နယ်သာလန် နိုင်ငံ၌ ဖြစ်ပွားခဲ့ပါသည်။

Jay အမည်ရ အော်တစ်ဇင်အမျိုးသားသည် "ဉာဏ်ရည်မသန်စွမ်းသူများစောင့်ရှောက်မှုနှင့် ပြန်လည်ထူထောင်ရေးအက်ဥပဒေ"(Intellectual Disability Compulsory Care and Rehabilitation Act -IDCCR)အရထိန်းသိမ်းခံရခြင်းဖြစ်ပြီး ၎င်းကိုလွှတ်ပေးလိုက်ပါက အန္တရာယ် များလွန်းသည်ဟုသတ်မှတ်ခံရသဖြင့် ၁၈ နှစ်ကြာထိန်းသိမ်းခံခဲ့ရခြင်းဖြစ်ပါသည်။ Jay သည် ၂၀၀၄ ခုနှစ်တွင် အိမ်နီးနားချင်း၏ပြတင်းပေါက်လေးခုကို ပုဆိန်ဖြင့်ရိုက်ချိုးသဖြင့် ရည်ရွယ်ချက်ရှိရှိ ပျက်စီးစေမှုဖြင့် ပထမဆုံးအကြိမ်တရားစွဲဆိုခံခဲ့ရသော်လည်း ဉာဏ်ရည်မသန်စွမ်းသည့်အော်တစ်ဇင် တစ်ဦးဖြစ်သည့်အတွက် ပြစ်ဒဏ်ခံယူရန်မသင့်လျော်ဟုဆိုကာ ပြစ်ဒဏ်အစား IDCCR အက်ဥပဒေ အရ "စောင့်ရှောက်မှုခံယူသင့်သူ"အဖြစ်သတ်မှတ်ပြီး စောင့်ရှောက်မှုဌာနတွင်နေထိုင်ရန် ၂၀၀၆ ခုနှစ်တွင် အမိန့်ချမှတ်ခံခဲ့ရခြင်းဖြစ်ပါသည်။ Jay ကျူးလွန်ခဲ့သော အမှု၏အမြင့်ဆုံးပြစ်ဒဏ်မှာ ထောင်ဒဏ် ၃ လ သို့မဟုတ် ဒဏ်ငွေ ဒေါ်လာ ၂၀၀၀ ချမှတ်နိုင်သည်ကို တွေ့ရှိရပါသည်။

ကျွမ်းကျင်ပညာရှင်များက ၎င်းကိုလွှတ်ပေးပါက အန္တရာယ်များလွန်းသည်ဟု အကြိမ်ကြိမ် အကဲဖြတ်ခဲ့ကြပြီးနောက် လွန်ခဲ့သည့်လေးနှစ်တာကာလကတည်းက Auckland ရှိ Mason ဆေးခန်းတွင် စောင့်ရှောက်မှုခံယူခဲ့ရခြင်းဖြစ်ပါသည်။ ၎င်း၏မိခင်ဖြစ်သူက အပတ်စဉ်လာရောက် တွေ့ဆုံခွင့်ရသော်လည်း ၎င်း၏အိပ်ခန်းနှင့်ဧည့်ခန်းအတွင်း ဝင်ရောက်တွေ့ဆုံခွင့်မရှိဘဲ ဧည့်သည် တွေ့ဆုံရန် သတ်မှတ်ထားသည့်အခန်းတွင်း၌သာတွေ့ဆုံရကြောင်းနှင့် ထိုကဲ့သို့ထိန်းသိမ်းခံထားရ ခြင်းသည် အော်တီဇင်ဖြစ်နေသည့်သားဖြစ်သူအတွက် တရားမျှတမှုမရှိကြောင်း၊ Jay ကို ကင်းလွတ် စေလိုကြောင်း၊ Jay ၏လိုအပ်ချက်တွေကို နားလည်ဖြည့်ဆည်းပေးနိုင်သည့်နေရာတွင် ထားလို

ကြောင်း၊ Mason Clinic ၏ကုသစောင့်ရှောက်မှုတွင် မိခင်ဖြစ်သူလည်း ပါဝင်ဆောင်ရွက်နိုင်ခဲ့ကြောင်း သူမက တင်ပြခဲ့သည်။

ပြီးခဲ့သည့်နှစ်က အဆိုပါအမှုကို အယူခံတရားရုံးကကြားနာခဲ့ပြီး Jay ကျူးလွန်ခဲ့သောပြစ်မှုသည်သေးငယ်သောကိစ္စရပ်ဖြစ်သော်လည်း အများပြည်သူဆိုင်ရာနေရာများသို့ သွားလာခွင့်ပြုပါက အလွန်အန္တရာယ်များသည်ဟု ကျွမ်းကျင်သူများစွာက ဆိုထားသောကြောင့် Jay ကို ထိန်းသိမ်းထားခြင်းက တရားမျှတသည်ဟု ဆုံးဖြတ်ထားသည်ကိုတွေ့ရပါသည်။

အယူခံတရားလို၏လူ့အခွင့်အရေးဆိုင်ရာရှေ့နေများက Jay ကို ချုပ်နှောင်ထားခြင်းသည် Bill of Rights Act အရ လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်သည်ဟု ဆိုကြသည်။ အယူခံတရားရုံးသည် လူ့အဖွဲ့အစည်းကိုကာကွယ်ခြင်းနှင့် မသန်စွမ်းသူ၏အခွင့်အရေးများကို ကာကွယ်ခြင်းဆိုသည့်ကိစ္စရပ်နှစ်ခုကြားတိမ်းစောင်းမှုမရှိစေဘဲ မှန်ကန်မျှတစွာ စဉ်းစားသုံးသပ်ရမည်ဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။ နယ်သာလန်လူ့အခွင့်အရေးကော်မရှင်နှင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကော်မရှင်တို့က ကျယ်ပြန့်သော လူ့အခွင့်အရေးနှင့်မသန်စွမ်းမှုဆိုင်ရာကိစ္စရပ်များကို ကြားဝင်ဆွေးနွေးဆောင်ရွက်ပေးသူများအဖြစ် တရားရုံးချုပ်သို့ တင်ပြပန်ကြားထားသည်ကိုလည်းတွေ့ရှိရပါသည်။

IDCCR အက်ဥပဒေအရ ကုသမှုမခံယူမနေရ ပြုစုစောင့်ရှောက်မှုခံယူရန် လူပေါင်း ၁၀၀ မှ ၁၂၀ ခန့် အမိန့်ပေးခံရမည်ဟုခန့်မှန်းထားသည်ကိုတွေ့ရပြီး မိသားစုတရားရုံးကချမှတ်သည့် ကုသမှုမခံယူမနေရ ပြုစုစောင့်ရှောက်မှုခံယူရန်ချမှတ်သည့်အမိန့်ကို ယေဘုယျအားဖြင့် ကနဦးကာလ သုံးနှစ်အထိသတ်မှတ်ပြီး သက်တမ်းတိုးနိုင်ကြောင်းနှင့်အကြိမ်ရေ မည်မျှ သက်တမ်းတိုးနိုင်သည်ကို ကန့်သတ်ထားခြင်းမရှိသဖြင့် Jay သည် ပြီးခဲ့သည့် ၁၈ နှစ် အတွင်း ၁၁ ကြိမ် သက်တမ်းတိုးခဲ့ပြီး ၎င်း၏လက်ရှိသက်တမ်းတိုးမှုသည် ဧပြီလ ၂၀၂၆ ခုနှစ်အထိဖြစ်သည်။

ကျွမ်းကျင်ပညာရှင်များ၏ ကျန်းမာရေးအကဲဖြတ်ချက်များအရ Jay အား လူမှုအသိုင်းအဝိုင်းအတွင်း နေထိုင်သွားလာခွင့်ပြုလိုက်ပါက အကြမ်းဖက်မှုများကျူးလွန်နိုင်သည့်အန္တရာယ်အလွန်မြင့်မားသည်ဟု သတ်မှတ်ခံထားရသူဖြစ်ပြီး ယင်းသည် ပြုစုစောင့်ရှောက်ခံနေရချိန်အတွင်း လက်နက်

ခိုးဝှက်ရန်ကြိုးစားခဲ့ခြင်း၊ ဝန်ထမ်းအချို့ကို အန္တရာယ်ပြုခြိမ်းခြောက်မှုများပြုလုပ်ခဲ့ခြင်း၊ ဝန်ထမ်းများကိုရိုက်နှက်ကာ ပစ္စည်းများဖျက်စီးခဲ့ခြင်းတို့ရှိကြောင်း ဖော်ပြထားပါသည်။ ယင်း၏ရှေ့နေများကမူ Jay သည် သင့်လျော်သောပြန်လည်ထူထောင်ရေးစောင့်ရှောက်မှုကို မရရှိခဲ့ကြောင်းနှင့် မှန်ကန်သော special training ဖြင့်စောင့်ရှောက်မှုခံယူခဲ့ရခြင်းမရှိကြောင်း ပြောကြားထားသည်ကိုတွေ့ရပါသည်။ Mason ဆေးခန်းသည် အော်တစ်ဇင်ရှိသူများအတွက် အမြဲတမ်းမသင့်လျော်ကြောင်း 2021 Ombudsman စစ်ဆေးရေးဖြစ်စဉ်တွင် ပါဝင်ခဲ့သည့်စုံစမ်းရေးမှူးက တွေ့ရှိခဲ့သည်ဟု ဖော်ပြထားပါသည်။

သို့ဖြစ်၍ နယ်သာလန်နိုင်ငံအတွင်း လူ့အဖွဲ့အစည်းကိုကာကွယ်ခြင်းနှင့် မသန်စွမ်းသူ၏အခွင့်အရေးများကိုကာကွယ်ခြင်းဆိုသည့် လူ့အခွင့်အရေးအလိုက် ကာကွယ်ပေးထားသည့်ဥပဒေများရှိကြောင်းတွေ့ရပြီး ယခုအမှုတွင် ဉာဏ်ရည်ဖွံ့ဖြိုးမှုအားနည်းသူအား မသန်စွမ်းသူ၏အခွင့်အရေးအရ ကာကွယ်စောင့်ရှောက်မှုများပေးအပ်ထားသကဲ့သို့ လူ့အဖွဲ့အစည်းကိုကာကွယ်သည့်အနေဖြင့် ကျွမ်းကျင်ပညာရှင်များ၏သုံးသပ်ချက်များနှင့် ကျူးလွန်ခဲ့သောပြစ်မှု၏အတိမ်အနက်ကို အလေးအနက်ထည့်သွင်းစဉ်းစားသုံးသပ်ပြီး မသန်စွမ်းသူ Jay အား ထိန်းသိမ်းသည့်အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရပါသည်။

ဥပဒေသုတေသနဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.nzherald.co.nz/nz/mother-of-autistic-man-detained-for-18-years-heads-to-supreme-court/K7K7C5R6CBAMXDNDMIE6FCSCDY/

## အရှေ့တောင်အာရှကုန်သွယ်ရေးတိုးတက်လာမှုအပေါ် စီးပွားရေးလုပ်ငန်းရှင်များ၏ မျှော်မှန်းချက်များ

လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ ကျင်းပသော ၂၇ ကြိမ်မြောက် China-ASEAN ထိပ်သီးအစည်းအဝေးတွင် ASEAN အဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့၏ခေါင်းဆောင်များက ၎င်းတို့၏စီးပွားရေးဆက်သွယ်ဆောင်ရွက်မှုတွင် သမိုင်းမှတ်တိုင်ဖြစ်မည့် China-ASEAN လွတ်လပ်သောကုန်သွယ်ရေးဒေသ(FTA)အဆင့်မြှင့်တင်မှုဆိုင်ရာ Version 3.0 ဆွေးနွေးမှုသည်အောင်မြင်စွာပြီးဆုံးပြီဖြစ်ကြောင်း ကြေညာခဲ့ကြသည်။

China-ASEAN လွတ်လပ်သောကုန်သွယ်ရေးဒေသကို ၂၀၁၀ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး၊ ၂၀၁၉ ခုနှစ်တွင် Version 2.0 ကို ထပ်မံ မိတ်ဆက်ခဲ့သည်။ Version 3.0 ဆွေးနွေးမှုများကို ၂၀၂၂ ခုနှစ် နိုဝင်ဘာတွင်စတင်ခဲ့ပြီး စွန့်ဦးတီထွင်ရေးစီးပွားရေး၊ အစိမ်းရောင်စီးပွားရေးနှင့် ကုန်စည်ထောက်ပံ့မှုကွင်းဆက်(Supply Chain)တို့အကြား ချိတ်ဆက်မှုစနစ်များကို အဓိကထားဆောင်ရွက်ရန်ရည်မှန်းထားပြီး အရှေ့တောင်အာရှရှိစီးပွားရေးလုပ်ငန်းများသည် China-ASEAN လွတ်လပ်သောကုန်သွယ်ရေးဒေသ(Free Trade Area)၏ သိသာထင်ရှားသောတိုးတက်လာမှုကြောင့် တရုတ်ဈေးကွက်တွင် အခွင့်အလမ်းများတိုးလာမည်ဟု မျှော်မှန်းထားကြပါသည်။

လာအိုနိုင်ငံသည် တရုတ်နိုင်ငံနှင့်ရထားဖြင့် ချိတ်ဆက်ထားသော တစ်ခုတည်းသော ASEAN နိုင်ငံဖြစ်ပြီး China-Laos Railway သည် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်လည်ပတ်ခဲ့ပါသည်။ တရုတ်နိုင်ငံ၏ ယူနန်ပြည်နယ်၊ ကူမင်းမြို့နှင့်လာအိုနိုင်ငံ၏မြို့တော် ဗီယင်ကျန်းမြို့အကြား ၁၀၃၅ ကီလိုမီတာ အရှည်ရှိသော ရထားလိုင်းသည် ၂၀၂၄ ခုနှစ်၊ ပထမ ၈ လ အတွင်း ပို့ကုန်သွင်းကုန် ၃.၅၈ မီလီယံတန်ချိန်ကိုသယ်ဆောင်ခဲ့ပြီး ယခင်နှစ်ထက် ၂၂.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်အား အဆင့်မြှင့်တင်မှုသည် ASEAN ၏ ထုတ်ကုန်များတရုတ်ဈေးကွက်သို့ ပိုမိုလွယ်ကူစွာဝင်ရောက်နိုင်ရန် များစွာအထောက်အကူပြုနိုင်ပါသည်။ အထူးသဖြင့် ထုတ်ကုန်အသစ်များအတွက် ခွင့်ပြုချက်ရယူရသည့်အချိန်ကိုလျှော့ချနိုင်ခြင်းသည်

အသေးစားနှင့်အလတ်စားကုမ္ပဏီများအတွက် အရေးကြီးသောအချက်တစ်ခုဖြစ်ပါသည်။ လာအိုနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များက ဒေသတွင်းကုန်သွယ်မှုမြှင့်တင်ရန် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရာတွင် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်အား အဆင့်မြှင့်တင်မှုသည် တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းလာစေရန် မျှော်လင့်ကြောင်း ပြောကြားခဲ့ကြပါသည်။

တရုတ်နိုင်ငံသည် ASEAN ၏ အကြီးဆုံးကုန်သွယ်မှုမိတ်ဖက်ဖြစ်သဖြင့် China-ASEAN လွတ်လပ်သောကုန်သွယ်ရေးဒေသ (FTA) Version 3.0 အဖြစ် အဆင့်မြှင့်တင်ခြင်းသည် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား အခွင့်အလမ်းများ ပိုမိုပေါ်ထွက်လာစေရန် အထောက်အကူပြုမည်ဖြစ်ပြီး အာဆီယံ၏ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုများအတွက် ခေတ်သစ်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

[SE Asia trade prospects to get boost - Chinadaily.com.cn]

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

